# အခန်း (၉)

# မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း



# အခန်း (၉)

# မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း



သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိဘများနှင့်တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။ မိဘများအား သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်ပြီး နားလည်အောင်ရှင်းပြရန် လိုအပ်မည်ဖြစ်သည်။ သူငယ်တန်းတွင် သင်ယူရမည့်အကြောင်းအရာ၊ သင်ပြပုံသင်ပြနည်း၊ ကလေးများလုပ်ဆောင်ရသည့် လုပ်ငန်းများ၊ စာသင်ခန်းအနေအထား အပြောင်းအလဲ လုပ်ဆောင်ရသည်ကို ရှင်းပြရန်လိုပါသည်။ စာသင်နှစ်မစတင်မီ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းတွင် သူငယ်တန်းသို့ဝင်ရောက်မည့် ကလေးများ၏ မိဘများကို ကျောင်းသို့ဖိတ်ခေါ်ပြီး သင်ရိုးညွှန်းတမ်းအသစ်နှင့် လုပ်ကိုင်ဆောင်ရွက်မည့် နည်းသစ်များကို ရှင်းလင်းပြထားပါက မိဘများအနေဖြင့် အပြောင်းအလဲများကို နားလည်လက်ခံပြီး ပံ့ပိုးပေးနိုင်ပါလိမ့်မည်။

သူငယ်တန်း စာသင်နှစ်တစ်လျှောက်လုံးတွင်လည်း ဆရာနှင့်မိဘအကြား အပြန်အလှန်ဆက်သွယ်နိုင်မည့် နည်းလမ်းများ ရှာဖွေအသုံးပြုသင့်ပါသည်။ ကလေး၏အခြေအနေကို မိဘများထံမှ မေးမြန်းနိုင်သည့် နည်းတူ ကျောင်းတွင်တွေ့မြင်ရသည့် ကလေး၏ ဖွံ့ဖြိုးမှု၊ ဖြစ်ထွန်းတိုးတက်မှုနှင့် လိုအပ်ချက်များကိုလည်း မိဘများအား ပြောပြရမည်။ မိဘများတွေ့ကြုံရသည့် အခက်အခဲများကိုလည်း နားထောင်ပေးပြီး ကလေး၏ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေသင့်ပါသည်။ ဥပမာအားဖြင့် အိမ်တွင် ကလေးကို ပုံပြောပြခြင်း၊ စာဖတ်ပြခြင်း၊ ကျောင်းတွင်သင်ခဲ့သည့် တေးကဗျာများကို အိမ်တွင်ရွတ်ဆိုခိုင်းခြင်း၊ ကိုယ်လက်လှုပ်ရှားကစားနည်းများကို ပြန်လုပ်ပြခြင်း စသည်တို့ဖြစ်သည်။ ထိုသို့ ကူညီပံ့ပိုးပေးခြင်းဖြင့် ကလေးသင်ယူခဲ့သမျှကို ပိုမိုစွဲမြဲနိုင်အောင် အင်အားဖြည့်ပေးရာရောက်ပြီး၊ ကလေးအနေဖြင့်လည်း မိမိကိုယ်ကို

ယုံကြည်မှု၊ တန်ဖိုးထားမှုများ ရင့်သန်လာစေမည်ဖြစ်သည်။

သူငယ်တန်းဆရာ၊ ဆရာမများအနေဖြင့် မိဘဆရာဆွေးနွေးပွဲများကို ပုံမှန်ပြုလုပ်ပေးသင့်ပြီး မိခင်ရော ဖခင်ပါ တက်ရောက်စေရန် တိုက်တွန်းသင့်ပါသည်။ မိဘအားလုံးနှင့်မဟုတ်သည့်တိုင် မိဘများကို ငါးယောက်မှ ဆယ်ယောက် အုပ်စုများခွဲပြီး ညနေကျောင်းဆင်းချိန်တွင် တွေ့ဆုံနိုင်ရန် စီစဉ်သင့်ပါသည်။ ထိုဆွေးနွေးပွဲမျိုးကို အနည်းဆုံး (၃)လ တစ်ကြိမ်၊ တစ်နှစ်အတွင်း (၃)ကြိမ် စီစဉ်သင့်သည်။ ကလေးများ၏ ဖြစ်ထွန်းတိုးတက်မှု၊ လိုအပ်ချက်၊ အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်ရန်ဖြစ်သည်။



တစ်ချိန်တည်းမှာပင် မိဘများကို အခါအားလျော်စွာ ကျောင်းသို့ လာရောက်လည်ပတ်ပြီး သူငယ်တန်းကလေးများ သင်ယူလုပ်ကိုင်ဆောင်ရွက်နေပုံကို ကြည့်ရှုလေ့လာရန် ဖိတ်ကြားသင့်ပါသည်။ အချိန်ပေးနိုင်သော မိဘများရှိပါက ကလေးများ၏ သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးရန် မေတ္တာရပ်ခံနိုင်ပါသည်။ ကလေးများကို အုပ်စုလိုက်ခွဲပြီး စာဖတ်ပြခြင်း၊ စာသင်ခန်းပြင်ပလုပ်ငန်းများတွင် ပါဝင်ကူညီ စောင့်ရှောက်ပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း၊ စားသောက်ချိန် နားချိန်များတွင် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများ၌ကူညီခြင်း၊ ကစားစရာပြုလုပ်ပေးခြင်း စသည်တို့ဖြစ်သည်။ သူငယ်တန်းကလေးများ သင်ယူလေ့လာရန် အထောက်အကူဖြစ်မည့် စာအုပ်စာတန်းများ၊ အိမ်တွင်အသုံးမလိုတော့သည့် ပစ္စည်းဟောင်းများ၊ ကစားစရာများ အစရှိသည့် သင်ထောက်ကူများကို စုစည်းပေးနိုင်ပါသည်။ ထို့ပြင် အထူးအစီအစဉ်များ၊ ပွဲလမ်းသဘင်များ အခမ်းအနားများကို လာရောက် ကူညီစီစဉ်ပေးနိုင်ပါသည်။ ထိုကဲ့သို့ ပါဝင်လုပ်ဆောင်ပေးခြင်းက ကျောင်းအတွက်လုပ်အား အကူဖြည့်ပေးခြင်း ဖြစ်သကဲ့သို့ မိဘများအနေဖြင့်လည်း "တို့ကျောင်း" ဟူသော ခံစားချက်ဖြစ်ပေါ်ပြီး ကျောင်းကို ပိုမိုစိတ်ဝင်စားစွာ ပံ့ပိုးကူညီလာမည်ဖြစ်သည်။



